Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




ဧရာဝတီ သတင်းဌာန ( ၂၀၁၅ ခုနှစ် မတ်လ)၊ အေအေပီပီမှ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ရရှိအသုံးပြုသည်။

# ၂၀၁၅ ခုနှစ်၊ မတ်လ၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links


## လက်ရှိအခြေအနေ အကျဉ်းချုပ်

မတ်လကုန်မှစ၍ နိုင်ငံရေးအကျဉ်းသား ၁၇၃ ဦး အကျဉ်းထောင်များအတွင်း ဆက်လက် ထိန်းသိမ်းခံနေရပြီး၊ နိုင်ငံရေး လှုပ်ရှားမှုများကြောင့် တက်ကြွလှုပ်ရှားသူ ၃၁၆ ဦးတို့ တရားရင်ဆိုင်နေရပါသည်။ အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စံနှုန်းများကို ပြဌာန်းရန် ၎င်းတို့၏တာဝန်အား ဆက်လက် ပျက်ကွက်လျက်ရှိပြီး၊ ထိုသို့ပြုလုပ်ရမည့်အစား နိုင်ငံသားတို့၏ အခွင့်အရေးများကို ချိုးဖေါက်ခြင်း၊ သတင်းမီဒီယာများကို ဖိနှိပ်ခြင်းနှင့် ဆန့်ကျင်ဆန္ဒပြသည့် မည်သည့်ပုံစံမျိုးကိုမဆို အကြမ်းဖက် ဖြိုခွဲခြင်းများ ပြုလုပ်ကျင့်သုံးလျက်ရှိကြောင်း တွေ့ရှိရပါသည်။ အောက်ပါ နိုင်ငံရေးအကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာသည် မတ်လအတွင်းရှိ နိုင်ငံရေးအကျဉ်းသား အရေအတွက်နှင့် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ ဖြိုခွင်းမှုနှင့်စပ်လျဉ်းပြီး များစွာသော ကျောင်းသားများနှင့် ထောက်ခံသူများ ဖမ်းဆီးခံရသည့် အရေအတွက်ကိုပါ သီးခြား ဖေါ်ပြထားသည့် လက်ပံတန်းမြို့ရှိ ကျောင်းသားများ ဆန္ဒပြမှုနှင့် ပတ်သက်သည့် အဖြစ်အပျက်များကိုပါ မှတ်တမ်းတင်ထားခြင်းဖြစ်ပါသည်။

# တစ်လအတွင်း သုံးသပ်ချက်

ယခုလတွင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၉၂ ဦး တရားစွဲဆိုခံခဲ့ရပြီး၊ ၎င်းတို့ထဲမှ ၃၁ ဦးသည် ဖမ်းဆီးခံခဲ့ရကာ၊ အကျဉ်းထောင်များအတွင်းမှ တရားရင်ဆိုင်နေရပါသည်။ ထို့အပြင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၇ ဦး ထောင်ဒဏ်များ ချမှတ်ခြင်း ခံခဲ့ရပြီး၊ ၃ ဦး အကျဉ်းထောင်များမှ ပြန်လည် လွတ်မြောက်ခဲ့ပါသည်။

ရန်ကုန်မြို့ စက်မှုဇုံတွင်းရှိ စက်ရုံများဖြစ်ကြသော Ford Glory၊ Eland Myanmar၊ Costec နှင့် Red Stone မှ ထောင်ပေါင်းများစွာသော အလုပ်သမားတို့သည် စက်ရုံ၏ အခြေအနေများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြပြီး၊ ပိုမိုကောင်းမွန်သော လစာရရှိရန် တောင်းဆိုဆန္ဒပြခဲ့ကြပါသည်။ မတ်လ ၅ ရက်နေ့တွင် ထိုဆန္ဒပြပွဲများအား ရဲများမှ အကြမ်းဖက်ဖြိုခွင်းခဲ့ပြီးနောက် ဆန္ဒပြအလုပ်သမား ၂၁ ဦး ထပ်မံဖမ်းဆီးခံခဲ့ရပြီး၊ အကယ်၍ ထောင်ဒဏ်များ ချမှတ်ပါက ထောင်ဒဏ် ၂ နှစ်အထိ ချမှတ်နိုင်သည့် ဆူပူလှုံ့ဆော်မှုနှင့် ဆန္ဒပြပွဲဖြစ်ရန် ဦးဆောင်မှုတို့ဖြင့် ထိုသူတို့သည် တရားရင်ဆိုင်နေရပါသည်။ ထို့အပြင် သတင်းထောက် ၂ ဦး အလုပ်သမားတို့နှင့်အတူ ဖမ်းဆီးခံခဲ့ရသော်လည်း ပြန်လည် လွတ်မြောက်ခဲ့ကြောင်း သိရှိရပါသည်။

တက္ကသိုလ်များထက် အစိုးရမှ ပိုမိုချုပ်ကိုင်ခွင့်ရှိသည့် အမျိုးသား ပညာရေး ဥပဒေအား ကျောင်းသားများမှ ဆန့်ကျင်ဆန္ဒပြမှု မတ်လတွင်လည်း ထပ်မံဖြစ်ပေါ်ခဲ့ပါသည်။ ဆန္ဒပြကျောင်းသားများသည် လက်ပံတန်းတွင် ၁ ပတ်အကြာ ပိတ်ဆို့ခံရပြီးနောက်၊ ကနဦးတွင် ဒေသခံအာဏာပိုင်များနှင့် သဘောတူညီမှု ရရှိထားသည့်အတွက် ရန်ကုန်သို့ စတင်ချီတက်ရန် မတ်လ ၁၀ ရက်နေ့တွင် ကျောင်းသားများမှ စုရုံးခဲ့ပါသည်။ သို့သော်လည်း ရဲများ၊ လုံခြုံရေးအင်အားစုများနှင့် အာဏာပိုင် လက်ကိုင်တုတ် အရပ်ဝတ်များ၏ ရက်စက်စွာ အကြမ်းဖက်ဖြိုခွဲခြင်းကို ခံလိုက်ရပါသည်။ ရဲများသည် ဆန္ဒပြသူတို့၏ နောက်မှလိုက်ဖမ်းကာ အိမ်များ၊ ဘုန်းကြီးကျောင်းများမှ ဆွဲချ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၂ စုကွဲပြီး ရဲအုပ်စု တစ်စုသည် ဆန္ဒပြနေသူများအား လူမဆန်စွာ ရိုက်နက်နေသည့် နောက်ထပ်ရဲအုပ်စု တစ်စုအား ထိန်းချုပ်ရန် ကြိုးစားနေခြင်းကြောင့် "ရဲလုပ်ထုံးလုပ်နည်း လုံးဝချိုးဖေါက်နေသည့်" အကြမ်းဖက်ဖြိုခွဲမှု ဖြစ်နေကြောင်း ရေဝတီ သတင်းထောက်မှ ရှင်းလင်း ပြောကြားသွားပါသည်။ ကျောင်းသားအုပ်စုအား ဖြိုခွင်းရာတွင် ရဲများအား ကူညီပေးရန် အတွက် အနီလက်ပတ်ဝတ်ထားသူ အရပ်ဝတ်များကို ရဲများမှ အသုံးပြုခဲ့ကြောင်းလည်း စွပ်စွဲပြောဆိုကြပါသည်။ ထိုကျောင်းသား ဆန္ဒပြမှုအား ဖြိုခွဲမှုမှ မြန်မာနိုင်ငံတစ်ဝှမ်းရှိ ကျောင်းသူ၊ ကျောင်းသားနှင့် အရပ်သား စုစုပေါင်း ၁၃၃ ဦးဖမ်းဆီးခံခဲ့ရပြီး၊ ထိုဖမ်းဆီးခံရသူများထဲမှ ၆၃ ဦးသည် ပြန်လည် လွတ်မြောက်ခဲ့သော်လည်း ၇၀ ဦးတို့သည် အကျဉ်းထောင်များ အတွင်း ဆက်လက်ဖမ်းဆီး ထိန်းသိမ်းခံနေရပါသည်။

ထိုအကြမ်းဖက်ဖြိုခွဲမှုအား ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့များဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့ကြီး၊ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ် Ms. Yanghee Lee နှင့် ALTSEAN နှင့် လက်တွဲလုပ်ဆောင်နေသည့် အဖွဲ့ပေါင်း ၁၃၀ တို့မှ ဝေဖန်ဆန့်ကျင်လိုက်သော်လည်း သမ္မတဦးသိန်းစိန်မှ ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းခန်းတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ပြီး မလုပ်ကြောင်း၊ ဆန္ဒပြ ကျောင်းသားများက တိုက်ခိုက်လာမှသာ ကျောင်းသားများအား ပြန်လည် ရိုက်နှက်ခြင်းဖြစ်ကြောင်း ဖြေဆိုသွားခဲ့ပါသည်။

ထိုအဖြစ်အပျက်အား ပြန်လည်တုန့်ပြန်သည့်အနေဖြင့် နိုင်ငံသားများတွင် ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်များ ရှိသည်ကို သိရှိစေရန်နှင့် အကြမ်းဖက် ဖြိုခွင်းမှုအား ဆန့်ကျင် ဆန္ဒပြရန် အဖြူရောင် လက်ပတ်များ ပတ်ပေးသည့် လှုံ့ဆော်မှုတစ်ခုကို ကျောင်းသားများနှင့် ၎င်းတို့အား ထောက်ခံသူများမှ လုပ်ဆောင်လျက်ရှိပါသည်။ လက်ပတ်ဖြူ လက်ခံပြီး ပူးပေါင်းပါဝင်သူများအား အထူးစုံစမ်း ထောက်လှမ်းရေးရဲများမှ မှတ်တမ်းများယူခြင်း၊ စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ခြင်းဖြင့် အနှောင့်အယှက်များ ပြုလုပ်ကြောင်းလည်း သိရှိရပါသည်။

# ထိန်းသိမ်းခံရခြင်းများ

## ဖမ်းဆီးခံ ကျောင်းသားများ လွတ်မြောက်ရန် တောင်းဆိုဆန္ဒပြခဲ့ကြသည့်အတွက် တက်ကြွလှုပ်ရှားသူ ၈ ဦး ဖမ်းဆီးခံရ

လက်ပံတန်းဆန္ဒပြ ကျောင်းသားအုပ်စု ဖြိုခွဲခံရပြီး၊ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသည့် ကျောင်းသားများအား လွတ်ပေးရန် ရန်ကုန်မြို့တွင် မတ်လ ၂၇ ရက်နေ့၌ ဆန္ဒပြ တောင်းဆိုမှု ပြုလုပ်ခဲ့ပြီးနောက်၊ ဆန္ဒပြသူ နောက်ထပ် ၈ ဦး ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရပါသည်။ ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲသည် မိနစ် ၃၀ ကြာမြင့်ခဲ့ပြီး၊ မြင်းခြံမြို့တွင်လည်း ဖမ်းဆီးခံကျောင်းသားများ လွတ်မြောက်ရန် ဆန္ဒပြပွဲ ပြုလုပ်ခဲ့ပါသည်။
မြင်းခြံမြို့တွင် ကိုညဏ်မြင့်သန်း၊ မြင်းခြံဒီဂရီကောလိပ်မှ ဒုတိယနှစ်ကျောင်းသားတစ်ဦးဖြစ်သူ ကိုစည်သူမြတ်နှင့် ကိုစိန်ဝင်း၊ ကိုကျော်သန်းထွန်းနှင့် မဖြူတို့ ၅ ဦး ဖမ်းဆီးခံခဲ့ရပါသည်။ လက်ပံတန်းတွင် ရိုက်နှက်ဖမ်းဆီးခံခဲ့ရသည့် အဓိကကျောင်းသား အုပ်စုထဲမှ ဦးဆောင်သူတစ်ဦးဖြစ်သော ကိုနန္ဒစစ်အောင် အပါအဝင် ကျောင်းသား ၃ ဦး ရန်ကုန်မြို့တွင် ဖမ်းဆီးခံခဲ့ရပြီး ထိုသုံးဦးထဲမှ ကိုရှိန်းရာဇာထွန်းနှင့် ကိုအောင်ထက်အောင်တို့ နှစ်ဦး ပြန်လည် လွတ်မြောက်ခဲ့ပါသည်။ ကိုရှိန်းရာဇာထွန်း၏ ပြောကြားချက်အရ ကိုနန္ဒစစ်အောင်အား ဆက်လက် ထိန်းသိမ်းထားပြီး အနောက်ပိုင်းတိုင်းခရိုင် ရဲတပ်ဖွဲ့ရုံးသို့ ခေါ်ဆောင်သွားကြောင်း၊ လက်ပံတန်းအရေးတွင် ကိုနန္ဒစစ်အောင်အား ဝရမ်း ထုတ်ပြန်ထားခြင်းနှင့် ဒီမိုကရေစီ ပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီ၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ခြင်းတို့ကြောင့် ကိုနန္ဒစစ်အောင်အား ဆက်လက် ဖမ်းဆီးထိန်းသိမ်းထားခြင်း ဖြစ်ကြောင်း သိရှိရပါသည်။ ကိုနန္ဒစစ်အောင် ဖခင်၏ ပြောကြားချက်အရ ၎င်းအား ပုဒ်မ ၃၈ ခုဖြင့် လက်ရှိအချိန်တွင် တရားစွဲဆိုထားကြောင်း သိရှိရပြီး၊ မတ်လ ၂၇ ရက်နေ့ ဆန္ဒပြပွဲ ဦးဆောင်သူ နောက်ထပ် တစ်ဦးဖြစ်သူ ကိုကျော်ကိုကိုသည် တိမ်းရှောင်လွတ်မြောက်နေကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်၊ ဗွီအိုအေ*
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်၊ ဒီဗွီဘီ*

## နိုင်ငံရေးလှုပ်ရှားသူ ကျောင်းသားနှစ်ဦး နံရံတွင် ဆေးမှုတ်ရေးသားမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရ

၂၀၁၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင်၊ မန္တလေးမြို့ အလုပ်သမားဆေးရုံ နံရံများ၌ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကျောင်းသားများ ပြန်လည်လွတ်မြောက်ရန် တောင်းဆိုမှုနှင့်၊ သမ္မတဦးသိန်းစိန်၊ ပြည်ထဲရေးဝန်ကြီး ဦးကိုကိုတို့အား “အကြမ်းဖက်သမားများ” ဟု ဆေးမှုတ်ပြီး ရေးသားခဲ့သည့်အတွက် နိုင်ငံရေး လှုပ်ရှားသူ ကျောင်းသား ၂ ဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသည်။ “အာဏာရှင်စနစ် အလိုမရှိ” “ဖမ်းဆီးကျောင်းသားများ ပြန်လွှတ်ပေး” စသည့် တောင်းဆိုမှုများကိုလည်း တောင်းဆို ရေးသားခဲ့ပြီး၊ ထိုကျောင်းသား နှစ်ဦးတို့သည် ဖမ်းဆီးခံရပြီး နာရီအနည်းငယ်အကြာတွင် ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၁ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

## စာရေးဆရာ ထင်လင်းဦး ဗုဒ္ဓဘာသာအား စော်ကားမှုဖြင့် တရားရင်ဆိုင်နေရ

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ သတင်းနှင့်ပြန်ကြားရေး တာဝန်ခံဟောင်းနှင့် စာရေးဆရာ တစ်ဦးဖြစ်သူ ဦးထင်လင်းဦးသည် စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် တရားရုံးတွင် ဗုဒ္ဓဘာသာအား စော်ကားမှုဖြင့် တရားရင်ဆိုင်ရမည်ဖြစ်ပြီး၊ မတ်လ ၂၄ ရက်နေ့တွင် တရားရုံးချိန်း စတင်မည်ဖြစ်သည်။ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စာပေဟောပြောပွဲတွင် ဦးထင်လင်းဦးမှ အစွန်းရောက် မျိုးချစ်များသည် ဗုဒ္ဓဘာသာအား လက်နက်တစ်ခုအဖြစ် အသုံးပြုနေကြောင်း ဝေဖန်ပြောဆိုခဲ့သည့်အတွက် ဘာသာ သာသနာအား စော်ကားမှု အမှု ၂ မှုဖြင့် တရားရင်ဆိုင်နေရပါသည်။ ထို့အပြင် ဦးထင်လင်းဦးအား အာမခံ ပေးရန် အကြိမ်ကြိမ် ငြင်းဆန်ခြင်း ခံနေရပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

## ဆန္ဒပြ စက်ရုံအလုပ်သမားများ ရိုက်နှက် ဖမ်းဆီး ထိန်းသိမ်းခံရ

၂၀၁၅ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင်၊ ရန်ကုန်မြို့ ရွှေပြည်သာစက်မှုဇုံမှ စက်ရုံအလုပ်သမားများ၏ ဆန္ဒပြမှုအား ဖြိုခွင်းရန် အနီရောင်လက်ပတ်ဝတ်ဆင်ထားသည့် အစိုးရလက်ကိုင်တုတ် အရပ်သားများမှ လုံခြုံရေးရဲတပ်သားများနှင့် ပူးပေါင်းပါဝင်ခဲ့ပါသည်။ ဆန္ဒပြခေါင်းဆောင်များ ဖြစ်ကြသည့် ကိုမျိုးမင်းမင်းနှင့် ကိုနိုင်ဌေးလွင်တို့အပြင် ဆန္ဒပြသူ ၁၅ ဦးနှင့် သတင်းထောက် ၂ ဦးတို့ ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရကြောင်း သတင်းဌာနများမှ သိရှိရပါသည်။ ဖမ်းဆီးထိန်းသိမ်းခံရသူများထဲမှ အလုပ်သမား ၁၄ ဦးတို့သည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၂ နှစ် ကျခံရနိုင်သည့် ပုဒ်မများနှင့် တရားရင်ဆိုင်နေရပါသည်။ ကိုမျိုးမင်းမင်း၊ ကိုနိုင်ဌေးလွင်နှင့် ဆန္ဒပြသူ ၂ ဦးဖြစ်ကြသည့် ကိုသူဇော်ကြည်ဝင်းနှင့် ကိုနိုင်ဇော်ကြည်ဝင်းတို့မှ ၎င်းတို့၏ မိသားစုဝင်များ အခက်အခဲဖြစ်စေရန် မိသားစုဝင်များ နေထိုင်သည့်မြို့နယ်နှင့် မိနစ် ၉၀ ကားမောင်းရသည့် တရားရုံးတွင် ရုံးထုတ်မည်ဆိုပါက အစာငတ်ခံဆန္ဒပြမည်ဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။

အေအေပီပီ၏ ပြည်တွင်းမှ ရရှိသောသတင်းများအရ မတ်လတွင် ရွှေပြည်သာ ဆန္ဒပြအလုပ်သမား စုစုပေါင်း ၂၁ ဦး ထပ်မံ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး၊ ဖေဖော်ဝါရီလတွင် ဖမ်းဆီးခံခဲ့ရသည့် ကိုနိုင်ဌေးလွင်၊ ကိုမျိုးမင်းမင်းနှင့် ကိုနိုင်ဇော်ကြည်ဝင်းတို့ ၃ ဦးသည် အင်းစိန်ထောင်တွင် ထိန်းသိမ်းခံနေရကြောင်း သိရှိရပါသည်။ မတ်လ ၃ ရက်နေ့တွင် ကိုနိုင်ဌေးလွင်အား ရွှေပြည်သာမြို့နယ် တရားရုံးသို့ ရုံးထုတ်ခဲ့ပြီး၊ ဒုတိယအကြိမ် တရားရုံးသည် မတ်လ ၁၇ ရက်နေ့ဖြစ်ကြောင်း သိရှိရပါသည်။ ကိုမျိုးမင်းမင်းအား မတ်လ ၆ ရက်နေ့တွင် ရွှေပြည်သာမြို့နယ် တရားရုံးသို့ပင် ရုံးထုတ်ခဲ့ပြီး၊ ကိုနိုင်ဇော်ကြည်ဝင်းအား မတ်လ ၉ ရက်နေ့တွင် တရားရုံးထုတ်ခဲ့ပါသည်။အခြားဖမ်းဆီးခံရသည့် ဆန္ဒပြအလုပ်သမားများအား စစ်ကြောရေးစခန်းများတွင် ထိန်းသိမ်းထားကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်၊ အေအေပီပီ*
*၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မတ်လ ၂ ရက်၊ မြန်မာအရေး ပူးပေါင်းဆောင်ရွက်သူများ အဖွဲ့ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မတ်လ ၄ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက်၊ Bangkok Post (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

**အမျိုးသားပညာရေး ဥပဒေအား ဆန့်ကျင်သည့် ဆန္ဒပြပွဲနှင့် တစ်ညီတစ်ညွတ်တည်းဖြစ်ကြောင်း ပြသည့် ရန်ကုန်မြို့ ဆန္ဒပြပွဲအား ဖြိုခွဲမှုအတွင်း နိုင်ငံရေး လှုပ်ရှားသူ ၈ ဦး ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရ**

အမျိုးသားပညာရေး ဥပဒေပြုပြင်ရန် ဆန္ဒပြနေကြသည့် ပဲခူးတိုင်း၊ လက်ပံတန်းတွင် ပိတ်ဆို့ခံနေရသော ကျောင်းသားများနှင့် တညီတညွတ်တည်းဖြစ်ကြောင်း ပြသသည့်အနေဖြင့် ရန်ကုန်မြို့တွင် ဆန္ဒပြပွဲပြုလုပ်ရာ၊ ထိုဆန္ဒပြပွဲအား ရဲများနှင့် အာဏာပိုင်တို့၏ လက်ကိုင်တုတ် အရပ်ဝတ် ရာပေါင်းများစွာတို့မှ အကြမ်းဖက် ဖြိုခွင်းခဲ့ပြီး၊ ကျောင်းသားခေါင်းဆောင် ၅ ဦးဖြစ်ကြသော မတင်မေကျော်၊ ကိုဇင်မင်းဖြိုး၊ ကိုဟိန်းထက်အောင်၊ ကိုဇော်လင်းထွဋ်နှင့် ကိုပြည့်သော်တို့ ၅ ဦးနှင့် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ မနီလာသိန်း၊ မနုနုအောင်နှင့် ကိုမျိုးသန့်တို့ ရိုက်နှက်ဖမ်းဆီးခံခဲ့ရပါသည်။ ထို ၈ ဦးတို့အားငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ပြီး၊ နောက်တစ်နေ့တွင် ပြန်လည် လွတ်ပေးခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)
၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်၊ Burma Partnership (အင်္ဂလိပ်)
၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)
၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**မြန်မာ ဒီမိုကရေစီ စဉ်ဆက်မပြတ် လှုပ်ရှားမှု အဖွဲ့ (MDCF) အဖွဲ့ဝင် နှစ်ဦးနှင့် အရပ်သား ၂ ဦး ထောင်ဒဏ် ချမှတ်ခံရ**

မြန်မာဒီမိုကရေစီ စဉ်ဆက်မပြတ် လှုပ်ရှားမှုအဖွဲ့ (MDCF) အဖွဲ့ဝင် နှစ်ဦး ဖြစ်ကြသော ကိုသိန်းအောင်မြင့်နှင့် ကိုစောလှအောင်တို့ မတရား ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် လျှပ်စစ်မီတာ စျေးနှုန်းများ တက်သွားခြင်းကို ဆန့်ကျင်ခဲ့သည့်အတွက် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့်၊ ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် မန္တလေး၊ ချမ်းအေးသာဇံမြို့နယ် တရားရုံးမှ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့တွင် ထောင်ဒဏ် ၆ လ ချမှတ်ခဲ့ပါသည်။ ကိုကျော်မျိုးထွန်းသည် ဆန္ဒပြပွဲကို လက်ခုပ်တီး အားပေးခြင်းကြောင့်ဟုဆိုကာ ထိုတရားရုံးမှပင် ထောင်ဒဏ် ၆ လ ချမှတ်ခဲ့ပြီး၊ ကိုသိန်းအောင်မြင့်၏ဖနီး မခက်ခက်တင်မှ သူမ၏ယောက်ျားအား အာဏာပိုင်များမှ ဖမ်းဆီးစဉ် အင်အားအလွန်အကျွံ မသုံးစွဲရန် ပြောဆိုမှုကြောင့် အလားတူ ထောင်ဒဏ် ၆ လ ချမှတ်ခြင်း ခံခဲ့ရပါသည်။ ၎င်းတို့ လေးဦးသည် ထောင်ဒဏ်များအတွက် အယူခံတင်မည်ဟု သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၃ ရက်၊ FIDH (အင်္ဂလိပ်)*

**သတင်းထောက် နှစ်ဦး အသရေဖျက်မှုဖြင့် ထောင်ဒဏ် ချမှတ်ခံရ**

Myanmar Post ဂျာနယ်မှ အယ်ဒီတာချုပ် သန်းထိုက်သူနှင့် လက်ထောက် သတင်းထောက်ချုပ် ဆန်းမိုးထွန်းတို့နှစ်ဦးအား မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် တရားရုံးမှ၊ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် အသေရေဖျက်မှု ပုဒ်မဖြင့် ထောင်ဒဏ် ၂ လစီ ချမှတ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ Myanmar Post ဂျာနယ်တွင် မွန်ပြည်နယ်၏ စစ်ရေးဆိုင်ရာ ဥပဒေပြုသူ ဗိုလ်မှူးသိန်းဇော် ပြောဆိုခဲ့သည်ဆိုပြီး မှားယွင်းစွာ ရေးသားထုတ်ပြန်ခဲ့သည့်အတွက် ၎င်းတို့နှစ်ဦးအား အသေရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် ထိုကဲ့သို့ ထောင်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ "ပညာရေးအဆင့်အတန်း နိမ့်ပါးမှုကြောင့် မိမိတို့မှ လွှတ်တော်တွင် ပါဝင်ရမည်ဖြစ်ကြောင်း စစ်တပ်၏ လွှတ်တော် ကိုယ်စားလှယ်အမတ်မှ ပြောကြား" ဟု ထိုသတင်းဆောင်းပါး၏ ခေါင်းစဉ်အားရေးသားခဲ့သောကြောင့် ဗိုလ်မှူးသိန်းဇော်၏ ရှေ့နေမှ အသရေဖျက်မှုဖြင့် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် သတင်းမီဒီယာ လွတ်လပ်မှု မရှိကြောင်းကို ထိုထောင်ဒဏ်ချမှတ်မှုမှ ပြသလိုက်ခြင်းပင်ဖြစ်သည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**တစ်ကိုယ်တော်ဆန္ဒပြသူ ထောင်ဒဏ် ချမှတ်ခံရ**

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်ကောင်စီ နယ်မြေ၌ လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ပြီး နိုင်ငံရေး ပြဿနာများအား ဖြေရှင်းရန် တစ်ကိုယ်တော် တောင်းဆိုဆန္ဒပြခဲ့သည့်အတွက် ကိုဇော်မြင့်အား ၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ထောင်ဒဏ် လေးလ ချမှတ်ခဲ့ပါသည်။ အခြားမြို့နယ်များတွင် ဆန္ဒပြသော်လည်း တရားစွဲဆိုခြင်း မခံရပဲ၊ နေပြည်တော်ကောင်စီ နယ်မြေ (သို့မဟုတ်) သမ္မတ၏ နယ်မြေတွင် တစ်ကိုယ်တော် ဆန္ဒပြခွင့် မပြုသည့်အတွက် တရားစွဲဆိုခြင်း ခံခဲ့ရကြောင်း ကိုဇော်မြင့်မှ ပြောကြားခဲ့ပါသည်။ ကိုဇော်မြင့်အား ရမည်းသင်းထောင်သို့ ပို့ဆောင်လိုက်ကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက်၊ အေအေပီပီ*

# ထောင်မှလွတ်မြောက်မှုများ

**အသက် ၈၈ နှစ်အရွယ် အဖွားအိုတစ်ဦး ထောင်ဒဏ်တစ်လ ကျခံပြီးနောက် အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်**

ပျဉ်းမနားမြို့နယ် လယ်ဝေးဒေသခံ တစ်ဦးဖြစ်သူ အသက် ၈၈ နှစ်အရွယ် အဖွားအို ဒေါ်တင်လှိုင်အား နေပြည်တော် စည်ပင်သာယာ ကော်မတီမှ ကျူးကျော်သူအဖြစ် စွပ်စွဲပြီးနောက် စည်ပင်အက်ဥပဒေ ပုဒ်မ ၂၆ ဖြင့် နေပြည်တော် စည်ပင်သာယာ ကော်မတီ တရားရုံးတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့၌ ထောင်ဒဏ် တစ်လ ချမှတ်ခဲ့ပါသည်။ ထောင်ဒဏ် တစ်လ ပြီးဆုံးသွားသည့်အတွက် မတ်လ ၂၆ ရက်နေ့၊ နေ့လည်အချိန်တွင် အဖွားအို ဒေါ်တင်လှိုင်သည်၊ ရမည်းသင်းအကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၆ ရက်၊ အေအေဗီဘီ*

**ထောင်ကျ ရွှေလုပ်သား နှစ်ဦး အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်**

ထောင်ဒဏ်ချမှတ်ခံထားရသည့် ရွှေမိုင်းလုပ်သား နှစ်ဦးဖြစ်သူ ကိုအန့်ကျော်နှင့် ကိုကျော်ကျော်တို့ နှစ်ဦး ၎င်းတို့၏ ထောင်ဒဏ်များ မပြီးဆုံးခင် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့၌ ပုဒ်မ ၄၀၁ အရ ရမည်းသင်း အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ၎င်းတို့နှစ်ဦးသည် ပုဒ်မ ၅၀၅ (ခ)နှင့် ပုဒ်မ ၁၄၃ တို့ဖြင့် ထောင်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်၊ အေအေဗီဘီ*

**တပ်မတော် အာဏာပိုင်တို့အား လှောင်ပြောင်သရော်သည့် ရုပ်ပုံနှင့်စာများ ဖေ့စ်ဘွတ်စာမျက်နှာတွင် တင်သည့်အတွက် ဖမ်းဆီးခံရသည့် ဓါတ်ပုံသတင်းထောက် ပြန်လည်လွတ်မြောက်**

အထူး စုံစမ်းထောက်လှမ်းရေး ဌာနမှ အရာရှိမြင့်လွင်၏ တိုင်တန်းမှုကြောင့် အလွတ်တန်းဓါတ်ပုံ သတင်းထောက် ကိုအောင်နေမျိုး ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရပါသည်။ အစိုးရအာဏာပိုင်များအား လှောင်ပြောင်သရော်ထားသည့် ရုပ်ရှင်ပိုစတာအား ကိုအောင်နေမျိုးမှ ဖေ့စ်ဘွတ် စာမျက်နှာထက်တွင် တင်ပြီးနောက် အစိုးရအား အသရေဖျက်အောင် ပြုမှုဖြင့် ကိုအောင်နေမျိုးအား တရားစွဲဆိုရန် အထူး စုံစမ်းထောက်လှမ်းရေး ဌာနမှ တိုင်တန်းခဲ့ခြင်းဖြစ်သည်။ ကိုအောင်နေမျိုးအား တရားစွဲဆိုခြင်း မပြုလုပ်ပဲ ၂၀၁၅ ခုနှစ်၊ မတ်လ ၂ ရက်နေ့တွင် အကျဉ်းထောင်မှ ပြန်လည်လွှတ်ပေးလိုက်ပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၂ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

# ထောင်တွင်းအခြေအနေများ

### ဖမ်းဆီးခံကျောင်းသူများ အကျဉ်းထောင်အတွင်း ကိုယ်ဝန် ရှိ/မရှိ စစ်ဆေးခံရ

အကျဉ်းထောင်အတွင်း ဖမ်းဆီးခံ ကျောင်းသူ အယောက် ၂၀ အား အကျဉ်းထောင်အရာရှိများမှ အကြောင်းပြချက်မရှိပဲ ကိုယ်ဝန်ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း လွတ်မြောက်လာသော ဖမ်းဆီးခံ ကျောင်းသားများမှ ပြောကြားလိုက်ပါသည်။ ထိုလုပ်ရပ်သည် ဆန္ဒပြကျောင်းသားများ၏ ပုံရိပ်အား ညစ်ထေးအောင် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများ၏ ကိုယ်ရေးကိုယ်တာ အခွင့်အရေးအား ချိုးဖေါက်ခြင်းဖြစ်ကြောင်းနှင့် အရှက်ခွဲခြင်း နည်းလမ်းတစ်ခုဖြစ်ကြောင်း နိုင်ငံရေး တက်ကြွလှုပ်ရှားသူ များစွာမှ သုံးသပ်ပြောဆိုကြပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

### သတင်းထောက်တစ်ဦး အနီရောင်လက်ပတ်ဝတ်ထားသူများ၏ ရိုက်နှက်ဖမ်းဆီးခြင်းခံရ

ဆန္ဒပြကျောင်းသားများအား အကြမ်းဖက်ဖြိုခွင်းရာတွင် အစိုးရဘက်မှ ကူညီပေးခဲ့ကြသည့် အနီရောင် လက်ပတ်ဝတ် လူတစ်စုအား ၎င်းတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရန် ကြိုးစားခဲ့ရာ၊ ပေါ်ပြူလာဂျာနယ်မှ သတင်းထောက် အောင်ဇော်ထူးအား ထိုလက်ပတ်နီဝတ်များမှ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင်၊ တိုက်ခိုက်ရိုက်နှက်ခဲ့ကြပါသည်။ ကိုအောင်ဇော်ထူးအား လူထုကို ဝန်ချတောင်းပန်ချင်ကြောင်း၊ တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ချင်ကြောင်း ယခင်အဆက်အသွယ် တစ်ခုမှ ဖုန်းဆက်သောကြောင့်၊ ၎င်းလူစုအား တွေ့ဆုံမေးမြန်းရန် ကြိုးစားခဲ့ခြင်းဖြစ်ပြီး၊ တွေ့ဆုံသောအခါတွင် “မင်းတို့သတင်းသမားတွေက ငါတို့ကို ကူညီနေတဲ့သူတွေ မဟုတ်ဘူး၊ မင်းတို့က တို့မီးရှို့မီးလုပ်နေတဲ့သူတွေ” ဟု ပြောဆိုပြီး ကိုအောင်ဇော်ထူး အား ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

### အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များမှ အစာငတ်ခံ ဆန္ဒပြမည်ဖြစ်ကြောင်း ပြောကြား

အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များ ဖြစ်ကြသည့် ကိုနိုင်ဌေးလွင်၊ ကိုမျိုးမင်းမင်းနှင့် တက်ကြွလှုပ်ရှားသူများ ဖြစ်ကြသည့် ကိုသူဇော်ကြည်ဝင်းနှင့် ကိုနိုင်ဇော်ကြည်ဝင်းတို့မှ မိသားစုများ ထောင်ဝင်စာတွေ့ရန် ခက်ခဲအောင် ပြုလုပ်ထားသည့်၊ ၎င်းတို့နေထိုင်ရာမြို့နယ်နှင့် မိနစ် ၉၀ ခန့် ကားမောင်းရသည့် တရားရုံးသို့ ရုံးထုတ်မည်ဆိုပါက ၎င်းတို့အနေဖြင့် အစာငတ်ခံဆန္ဒပြမည်ဖြစ်ကြောင်း ပြောကြားလိုက်ပါသည်။ အာဏာပိုင်များမှ ထိုသို့ပြုလုပ်ရခြင်းသည် လုံခြုံရေးကြောင့်ဟု အကြောင်းပြ ပြောဆိုသော်လည်း၊ လူ့အခွင့်အရေး လှုပ်ရှားသူအုပ်စုများမှ ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် မိသားစုဝင်များ အခက်အခဲတွေ့စေရန် အာဏာပိုင်တို့မှ အဝေးသို့ ပြောင်းရွှေ့ခြင်းများကို လုပ်လေ့လုပ်ထရှိကြောင်း စွပ်စွဲပြောကြားလိုက်ပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၁၆ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

### လူ့အခွင့်အရေး လှုပ်ရှားသူ ဦးထွန်းထွန်းဦး အစာငတ်ခံဆန္ဒပြ

စားကျက်မြေမှ အပင်များအား ဖျက်ဆီးသည်ဟူသော မတရားစွပ်စွဲချက်ဖြင့် ဖမ်းဆီးခံထားရပြီး၊ လက်ရှိအချိန်တွင် ဖျာပုံအကျဉ်းထောင်အတွင်း၌ ထိန်းသိမ်းခြင်းခံထားရသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ ကွန်ရက် (HRWDN) အဖွဲ့ဝင် ဦးထွန်းထွန်းဦး အစာငတ်ခံ ဆန္ဒပြနေကြောင်း သိရှိရပါသည်။ ဦးထွန်းထွန်းဦးမှ ၎င်းစွဲဆိုခြင်းခံထားရသည့် ပုဒ်မ ၆/၁အတွက် အာမခံရရှိရန် ကျန်းမာရေး မကောင်းကြောင်း ထောင်ဆရာဝန် ထောက်ခံရေးသားထားသည့် ဆေးစာနှင့်အတူ တင်ပြပြီး တောင်းဆိုခြင်းကို မြို့နယ်တရားသူကြီးမှ ပယ်ချလိုက်သည့်အတွက် ၂၀၁၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၈ ရက်နေ့မှစ၍ ရေအပါအဝင် မည်သည့်အစားအစာမှ မစားပဲ အစာငတ်ခံ ဆန္ဒပြနေခြင်းဖြစ်ပါသည်။ ဦးထွန်းထွန်းအား ထောင်ဝင်စာ သွားရောက်တွေ့ခဲ့သည့် ဒေးဒရဲမြို့ခံ ဦးအောင်ကျော်ဆန်းမှ “အစားမစား ရေပါမသောက်တော့ သူအရမ်းအားနည်းနေတယ်” ဟု ပြောကြားခဲ့ပါသည်။

“ကိုထွန်းထွန်းဦး အခြေအနေက အပြင်ဆေးရုံမှ ဆေးကုသခံဖို့ လိုအပ်တာကြောင့် ဖျာပုံအကျဉ်းထောင် ဆရာဝန်က ပြင်ပဆေးကုသမှု ခံယူရမည်ဖြစ်ကြောင်း ဆေးစာ သူ့ကို ပေးခဲ့ပါတယ် ကိုထွန်းထွန်းဦးက အာမခံရဖို့ အဲ့ဒီဆေးစာနဲ့အတူ စာသုံးကြိမ်တင်ခဲ့ပေမဲ့ ဒေးဒရဲမြို့နယ် တရားသူကြီးက အာမခံ မပေးခဲ့ပါဘူး” ဟု HRWDN ၏ ခေါင်းဆောင် တစ်ဦးဖြစ်သူ ဦးမြင့်နိုင်မှ ပြောကြားခဲ့ပါသည်။ ကိုထွန်းထွန်းဦးအပါအဝင် ဒေးဒရဲမြို့ခံ ၆ ဦးအား ပုဒ်မ ၆/၁ ဖြင့် တရားစွဲထားခြင်းကို ချက်ခြင်း ရုပ်သိမ်းရန် ဒေးဒရဲမြို့ခံ ၈၀၀ ကျော်မှ လက်မှတ်ထိုး တောင်းဆိုခဲ့ကြပြီး၊ ထိုလက်မှတ်များအား ဧရာဝတီတိုင်း ဝန်ကြီးထံသို့ ၂၀၁၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၁၉ ရက်နေ့တွင် တင်ပြခဲ့ကြပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၃ ရက်၊ ဧရာဝတီ*

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**ဆန္ဒပြပွဲတွင် ပါဝင်ပြီးနောက် မသန်စွမ်းကျောင်းသူအား တိုက်ခန်းမှ ပြောင်းရွှေ့ခိုင်း**

ခန္ဓာကိုယ်မသန်စွမ်းသော်လည်း ပညာထူးချွန်သည့် မစုပုံချစ်အား ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား၍ ၎င်းနေထိုင်သည့် တိုက်ခန်းမှ ပြောင်းရွှေ့ရန် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အမိန့် ထုတ်ပြန်ကြေညာခဲ့ ပါသည်။

ပြည်ထောင်စုဝန်ကြီးမှ ၂၀၀၅ ခုနှစ်မှစ၍ ထိုတိုက်ခန်းတွင် သူမအား နေထိုင်ခွင့်ပေးခဲ့ပြီး၊ အမျိုးသားပညာရေး ဥပဒေအား ဆန့်ကျင်ကန့်ကွက်သည့် ရောဝတီသပိတ်စစ်ကြောင်းတွင် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၌ ပူးပေါင်းပါဝင် ဆန္ဒပြခဲ့ပြီးနောက် ထိုကဲ့သို့ အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ မစုပုံချစ်မှ ပြောကြားခဲ့ပါသည်။

"ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ညီမလိုက်တယ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှာ သတင်းစာမှာပါတယ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ ဒုတိယအကြိမ် စာထုတ်တယ်၊ ညီမကတော့ ပတ်သက်မှုရှိတယ် ထင်တယ် သူတို့ရဲ့အကြောင်းပြချက်ကို သူတို့ပဲ သိမှာပေါ့နော်" ဟု မစုပုံချစ်မှ ပြောကြားခဲ့ပါသည်။ သူမသည် ရန်ကုန်မြို့၊ အင်းစိန်ကြို့ကုန်း နည်းပညာတက္ကသိုလ်တွင် ဘွဲ့လွန်ပညာ သင်ကြားနေဆဲဖြစ်ပြီး၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီတက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ကိုလည်း ရရှိခဲ့သူဖြစ်ပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**ဘီဘီစီ သတင်းထောက် ရာဇဝတ်မှုဖြင့် အမှုရင်ဆိုင်နေရ**

ရဲအရာရှိ တစ်ဦးမှ ချမ်းမြသာစည် ရဲစခန်းတွင် တိုင်တန်းအမှုဖွင့်ခဲ့သည့်အတွက် မန္တလေးမြို့အခြေစိုက် ဘီဘီစီ မြန်မာသတင်းထောက် ကိုနေမျိုးလင်း ရာဇဝတ်မှုဖြင့် တရားရင်ဆိုင်ရဖွယ် ဖြစ်နေပါသည်။ ဆန္ဒပြနေစဉ်အတွင်း ရဲတစ်ဦးအား ကိုနေမျိုးလင်းမှ ရိုက်နက်ခဲ့သည့်ဟု စွပ်စွဲခံထားရပါသည်။ မော်တော်ဆိုင်ကယ်ပေါ်မှ ဆန္ဒပြနေသူများအား ရဲများမှ ရပ်တန့်အောင် ပြုလုပ်ခဲ့သဖြင့် ဆိုင်ကယ်မောင်းသူတော်တော်များများ ဆိုင်ကယ်များပေါ်မှ ပြုတ်ကျခဲ့ကြောင်း ထိုသို့ဖြစ်နေစဉ်တွင် ကိုနေမျိုးလင်း ရှိနေပြီး၊ ရဲအရာရှိအား ဒေါသဖြင့် ရိုက်နက်ခဲ့ကြောင်း၊ အကယ်၍ ကိုနေမျိုးလင်းမှ ရဲစခန်းသို့ လာရောက်ဖြေရှင်းပါက တရားစွဲဆိုမှု မပြုလုပ်တော့ပဲ ထိုအမှုသည် ပြေလည်သွားနိုင်ကြောင်း ရဲအရာရှိ ဝင်းဗိုလ်မှ အကြံပြုပြောကြားထားပါသည်။ တာဝန်ဝတ္တရား နှောင့်ယှက်မှုဖြင့် တရားစွဲဆိုခံရပါက ထောင်ဒဏ် နှစ်များစွာ ကျခံရနိုင်ပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၃၀ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၇ ဦး ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခြင်းဆိုင်ရာ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရ**

နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ၇ ဦးဖြစ်ကြသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) ဥက္ကဌ ကိုကျော်ကိုကို၊ ဗ-က-သ အဖွဲ့ဝင်များ ဖြစ်ကြသည့် ကိုနန္ဒစစ်အောင်၊ မဖြိုးဖြိုးအောင်၊ ကိုပိုင်ရဲသူနှင့်၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း အဖွဲ့ဝင် မသင်းသင်းအေး (ခ) မမီးမီး၊ ဗိုလ်ကြီးဟောင်း နေမျိုးဇင်နှင့် ဒေါ်နော်အုန်းလှတို့အား လွန်ခဲ့သောလေးလက အမျိုးသားပညာရေး ဥပဒေ ပြုပြင်ရန်နှင့် လေးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရန် တောင်းဆိုဆန္ဒပြခြင်းကြောင့်ဟုဆိုကာ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် မြို့နယ် ၈ မြို့နယ်၏ တရားစွဲဆိုခြင်းကို ခံခဲ့ရပါသည်။ တရားစွဲဆိုသော မြို့နယ်များမှာ လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း၊ ကျောက်တံတား၊ ဗိုလ်တစ်ထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်နှင့် တာမွေမြို့နယ်တို့ဖြစ်ပြီး၊ တာမွေမြို့နယ်ရဲစခန်းမှ ရဲအရာရှိ တစ်ဦး၏ ပြောကြားချက်အရ ထိုနိုင်ငံရေးလှုပ်ရှားသူ ၇ ဦးအား ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုရန် ၎င်းတို့အား အထက်မှ အမိန့်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ တရားစွဲဆိုခံရပြီး ပုန်းရှောင်နေသူများအား ရဲများမှ စုံစမ်းနေကြောင်း ထိုရဲအရာရှိမှ ထပ်မံ ပြောကြားလိုက်ပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်၊ အေအေပီပီ*

**နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၁၃ ဦးဖားအံ့ရဲစခန်းတွင် တရားစွဲဆိုခံရ**

ကရင်ပြည်နယ် ဖားအံမြို့တွင် ၈၈ ကရင်မျိုးဆက် ကျောင်းသားများ အစည်းအရုံး၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်း လယ်သမား အကျိုးဆောင်ကွန်ရက်တို့ ဦးဆောင်သည့် ဆန္ဒပြသူ ၃၀၀ ခန့်မှ ဖမ်းဆီးထားသည့် ကျောင်းသားများနှင့် စက်ရုံအလုပ်သမားများ လွတ်မြောက်ရေးအတွက် ၂၀၁၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် တောင်းဆိုဆန္ဒပြခဲ့ကြပါသည်။ ထိုဆန္ဒပြမှုကြောင့် ဘုန်းကြီး ၂ ပါး အပါအဝင် တက်ကြွလှုပ်ရှားသူ ၁၃ ဦး ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် မတ်လ ၂၂ ရက်နေ့တွင် တရားစွဲဆိုခြင်းခံခဲ့ရပြီး၊ ၎င်းတို့ထဲမှ အချို့ ဖားအံရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကြောင်း ၈၈ ကရင်မျိုးဆက် ကျောင်းသားများ အစည်းအရုံး၏ တာဝန်ခံ စောမောင်ကြီး၏ ပြောကြားချက်အရ သိရှိရပါသည်။ ဆန္ဒပြသူများမှ ဆန္ဒပြခွင့်ရရှိရန် စာတင်ခဲ့သော်လည်း အာဏာပိုင်များမှ ခွင့်မပြုခဲ့ကြောင်း ကိုစောမောင်ကြီးမှ ဖြည့်စွက်ပြောကြားခဲ့ပါသည်။ တရားစွဲဆိုခံရသူ တစ်ဦးဖြစ်သည့် လယ်သမားအကျိုးဆောင် ကွန်ရက်အဖွဲ့ဝင် ကိုကြည်လွင်မှ ဖမ်းဆီး တရားစွဲခံရသူများအား အာမခံငွေ ၅ သိန်းဖြင့် ရဲစခန်းမှ ပြန်လည်လွတ်ပေး ထားကြောင်း သိရှိရပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၂၂ ရက်၊ ဗွီအိုအေ*
*၂၀၁၅ ခုနှစ် မတ်လ ၂၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**အမျိုးသား ပညာရေးဥပဒေအား ဆန့်ကျင်ခဲ့သည့် ဆန္ဒပြကျောင်းသား ခေါင်းဆောင် ၃ ဦး တရားစွဲဆိုခံရ**

ထားဝယ်ကျောင်းသားခေါင်းဆောင် ၃ ဦးဖြစ်သူ ကိုမင်းလွင်ဦး၊ ကိုသူရနိုင်နှင့် ကိုဇင်မောင်ဖြိုးတို့အား အမျိုးသားပညာရေးဥပဒေအကြောင်းနှင့် ကျောင်းသားများ တောင်းဆိုခဲ့သည့် တောင်းဆိုချက် ၁၁ ချက်အား ရှင်းပြခဲ့ခြင်းကြောင့်ဟု ဆိုကာ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ရေးမြို့နယ်ရဲစခန်းမှ တရားစွဲဆိုခဲ့ပါသည်။
*၂၀၁၅ ခုနှစ်၊ မတ်လ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ဆန္ဒပြ ကျောင်းသားခေါင်းဆောင်များ တရားစွဲဆိုခံရ

လက်ပန်းတန်းမြို့နယ်ရှိ ဆန္ဒပြ ကျောင်းသားများအပေါ် အကြမ်းဖက်ဖြိုခွင်းမှု ရပ်တန့်ရန် မအူပင်မြို့နယ်တွင် တောင်းဆိုဆန္ဒပြခဲ့ကြသည့် ဧရာဝတီ ကျောင်းသား သပိတ်စစ်ကြောင်းအား ဦးဆောင်သည့် ဆန္ဒပြကျောင်းသားခေါင်းဆောင် နှစ်ဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် မအူပင်မြို့နယ်ရဲစခန်းမှ တရားစွဲဆိုခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ဧရာဝတီ ကျောင်းသားသပိတ်စစ်ကြောင်းမှ ကျောင်းသားများသည် လက်ပန်းတန်း ကျောင်းသားများ ဆန္ဒပြမှုကို အကြမ်းဖက် ဖြိုခွဲခြင်း မပြုလုပ်ရန် တောင်းဆိုသည့် စာများ မအူမြို့နယ်တွင် ဖြန့်ဝေခဲ့သည့်အတွက် မအူပင်မြို့နယ် ရဲစခန်းမှူးမှ တရားလိုပြုလုပ်ပြီး အမှုဖွင့်ခဲ့ကြောင်း တက္ကသိုလ်မှ ဆရာတစ်ဦးဖြစ်သူ ဦးဝေယံအောင်မှ ပြောကြားခဲ့ပါသည်။ ဦးဆောင်ဆန္ဒပြခဲ့ကြသည့် ဆရာဦးဝေယံအောင်၊ ကျောင်းသား ကိုအောင်ကျော်ကျော်နှင့် ကိုအောင်ခန့်တို့ သုံးဦးအား ပုဒ်မ ၁၈ ဖြင့် မြို့နယ်၁၀ မြို့နယ်မှ မတ်လ ၁၆ ရက်နေ့တွင် တရားစွဲဆိုထားကြောင်း သိရှိရပါသည်။ ဆရားဦးဝေယံအောင်အား ဧရာဝတီတိုင်း ပုသိမ်မြို့၏ မြို့တော်ခန်းမရှေ့တွင် ထိုင်သပိတ် ဆန္ဒပြခဲ့ခြင်းကြောင့် ပုသိမ်မြို့နယ်ရဲစခန်းမှ ပုဒ်မ ၁၈ ဖြင့်ပင် တရားစွဲဆိုထားကြောင်းလည်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ဆန္ဒပြ ကျောင်းသားများ လက်ပန်းတန်းဈေးအနီးတွင် ဖမ်းဆီးခံရ

၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက်နေ့ မနက်တွင်၊ အမျိုးသား ပညာရေး ဥပဒေအား ဆန့်ကျင်ဆန္ဒပြသည့် ပင်မသပိတ်စစ်ကြောင်း၏ သပိတ်စခန်းမှ ဆန္ဒပြ ကျောင်းသား အနည်းငယ်သည် ရန်ကုန်မြို့တွင် ဆန္ဒပြခဲ့ကြသည့် ကျောင်းသားများ ရက်စက်စွာ ဖြိုခွဲဖမ်းဆီးခံရပုံနှင့် ၎င်းတို့ လက်ပန်းတန်းမြို့တွင် ပိတ်ဆို့ခံနေရပုံကို လက်ပန်းတန်းဈေးအနီးတွင် ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် ကျောက်ဆည်နည်းပညာ တက္ကသိုလ်မှ ကိုရဲရင့်ပိုင်မှူးနှင့် ကိုအောင်မင်းခန့်နှင့် မန္တလေး ရတနာပုံ တက္ကသိုလ်မှ မအိသဥ္စာမောင်တို့ ဖမ်းဆီးခံရပါသည်။ ထိုဖမ်းဆီးခံရသူများ အားလုံးသည် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (ဗ-က-သ) မှ အဖွဲ့ဝင်များ ဖြစ်ကြပါသည်။

မတ်လ ၃ ရက်နေ့တွင်လည်း မန္တလေးမြို့မှ တက်ကြွလှုပ်ရှားသူများနှင့် ကျောင်းသားများမှ လက်ပန်းတန်း ပင်မသပိတ်စစ်ကြောင်းမှ ကျောင်းသားများအား အကြမ်းဖက်မှု မပြုလုပ်ရန် တောင်းဆိုဆန္ဒ ပြခဲ့ကြပါသည်။ ထိုဆန္ဒပြသူများထဲမှ ဆန္ဒပြသူ ၃ ဦးသည် ပုဒ်မ ၁၈၊ ပုဒ်မ ၁၁၄၊ ပုဒ်မ ၁၄၃၊ ပုဒ်မ ၁၄၅၊ ပုဒ်မ ၅၀၅ (ခ) စသည့် ပုဒ်မ ၅ ခုတို့ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရပြီး၊ မန္တလေး အောင်မြေသာဇံ အမှတ်-၂ ရဲစခန်းမှ မတ်လ ၄ ရက်နေ့တွင် အမှု ဖွင့်ခဲ့ပါသည်။ တရားစွဲဆိုခံရသူ သုံးဦးမှာ ဦးအေးသိန်း၊ ဒေါ်တင်မာရီနှင့် ဒေါ်အမာနီတို့ ဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက်၊ အေအေပီပီ*

## ဆန္ဒပြ ကျောင်းသားများကို ထောက်ခံသည့်အတွက် လက်ပန်းတန်း ဒေသခံများ တရားစွဲခံရ

ဆန္ဒပြရန်အတွက် ခွင့်ပြုမိန့်တင်ရန် ပျက်ကွက်ခဲ့သောကြောင့် လက်ပန်းတန်း ဒေသခံ ၁၁ ဦးဖြစ်ကြသည့် ကိုနိုင်ဝင်း၊ ကိုနန္ဒစိုး၊ မကြည်ကြည်ဝင်း၊ ကိုမျိုးဆွေ၊ ကိုမြတ်သူ၊ ကိုဝင်းမင်းထွန်း၊ ကိုဗေဒါလေး၊ ကိုမြတ်သူ၊ ကိုနိုင်ဝင်း၊ ကိုအီဇာလေးနှင့် ကိုအေးကိုထွဋ်တို့အား လက်ပန်းတန်းမြို့နယ် မြို့မရဲစခန်းမှ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခဲ့ပါသည်။ ထိုတရားစွဲဆိုခံရသူ ၁၁ ဦးထဲမှ ၉ ဦးတို့သည် အာမခံ ရရှိပြီး၊ မတ်လ ၁၉ ရက်နေ့တွင် တရားရင်ဆိုင်ရန်အတွက် တရားရုံးသို့ ဆင့်ခေါ်ခြင်း ခံထားရသော်လည်း ကိုနိုင်ဝင်း၊ ကိုနန္ဒစိုးနှင့် ကိုနိုင်ဝင်းတို့ ၃ ဦးအား လက်ပန်းတန်းမြို့ မြို့မရဲစခန်းတွင် ထိန်းသိမ်းထားကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၅ ရက်၊ ဒီဗွီဘီ*
*၂၀၁၅ ခုနှစ်၊ မတ်လ ၆ ရက်၊ ဧရာဝတီ*
*၂၀၁၅ ခုနှစ်၊ မတ်လ ၁၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ဆန္ဒပြ ကျောင်းသားများအား ထောက်ခံသည့်အတွက် ပေါင်းတည် ဒေသခံ လေးဦး တရားစွဲဆိုခံရ

ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်တွင် ဆန္ဒပြကျောင်းသားများအား အကူအညီပေးပြီး ထောက်ခံ ဆန္ဒပြခဲ့ကြသည့်အတွက် ဆန္ဒပြသူ ၆၀ ခန့်မှ လေးဦးတို့သည် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ပေါင်းတည်မြို့နယ် ရဲစခန်းမှူး၏ တရားစွဲဆိုထားခြင်းကို ခံနေရပါသည်။ ဆန္ဒပြရန် ခွင့်ပြုချက် မတင်ခဲ့သောကြောင့် ထိုကဲ့သို့ အမှုဖွင့် တရားစွဲဆိုခံရခြင်းဖြစ်ကြောင်း တရားစွဲဆိုခံရသူများထဲမှ တစ်ဦးဖြစ်သူ ကိုမိုးလှိုင်မှ ပြောကြားခဲ့ပါသည်။ တရားစွဲဆိုခံရသူများမှာ ပေါင်းတည် ပြည်သူ့အကျိုးဆောင် ကွန်ရက်မှ အဖွဲ့ဝင်များ ဖြစ်ကြသည့် ကိုခင်မောင်လှိုင်၊ ကိုချစ်ကို၊ ကိုရဲကျော်နိုင်နှင့် ကိုမိုးလှိုင်တို့ဖြစ်ကြောင်း သိရှိရပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၄ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

# မြေယာသိမ်းဆည်းမှုများ

### လယ်သမား ၄ ဦး ကျူးကျော်မှုဖြင့် တရားစွဲခံရ

၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင်၊ တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၌ အဆောက်အဦးများ ဆောက်လုပ်ရန် တနင်္သာရီတိုင်း အစိုးရဝန်ထမ်းများမှ စီစဉ်နေစဉ်တွင် ဒေသခံလယ်သမား ၄ ဦးမှ တားမြစ်ခဲ့ခြင်းကြောင့် ထိုလယ်သမားတို့ ပုဒ်မ ၃၃၂၊ ပုဒ်မ ၄၄၇ တို့ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရပါသည်။ ရဲများမှ လယ်သမားတို့၏နေအိမ်များသို့ မတ်လ ၂၈ ရက်နေ့ ညပိုင်းတွင် သွားရောက်ရှာဖွေ ဖမ်းဆီးခဲ့သောကြောင့် လယ်သမားများ ထွက်ပြေးတိမ်းရှောင်နေကြောင်း တရားစွဲခံရသူ တစ်ဦးဖြစ်သည့် မရွှေစင်ယုမှ ပြောကြားပါသည်။

၂၀၁၁ ခုနှစ်တွင်၊ ထားဝယ်မြို့ ဆန်းချီရပ်ကွက်ရှိ မြေဧက ၃၀၀ ကျော်အား တနင်္သာရီတိုင်းအစိုးရမှ သိမ်းဆည်းခဲ့ပြီး၊ တိုင်းဒေသကြီးအစိုးရမှ လျော်ကြေးများ ပေးအပ်ခဲ့သော်လည်း လျော်ကြေးငွေ မယူသည့် လယ်သမား အမြောက်အများ ရှိကြောင်း သိရပါသည်။
*[၂၀၁၅ ခုနှစ်၊ မတ်လ ၂၉ ရက်၊ လွတ်လပ်တဲ့အာရှအသံ]*

### ၇ နှစ် ကြာပြီးနောက် ပေါက်မြို့နယ်မှ မြေများအား စစ်တပ်မှ ပြန်သိမ်းရန် ကြိုးစား

၂၀၀၈ ခုနှစ်တွင်၊ ပေါက်မြို့နယ်တွင် စက်ရုံတည်ဆောက်ရန်အတွက် မြေဧက ၃၀,၀၀၀ ကျော်အား တပ်မတော် ကာကွယ်ရေး ဝန်ကြီးဌာနမှ သိမ်းဆည်းခဲ့ပြီး ဒေသခံ မြေပိုင်ရှင်များအား ၅၀၀၀ ကျပ်စီ လျော်ကြေးပေးအပ်ခဲ့ပါသည်။ ယခုအခါတွင် မြေယာအရေး တက်ကြွလှုပ်ရှားသူများမှ ထိုမြေယာ အရေးကိစ္စနှင့်ပတ်သက်ပြီး အစိုးရနှင့် ထိပ်တိုက်ရင်ဆိုင်နေရသည့် အချိန်တွင် အစိုးရမှ မြေများအား ဥပဒေကြောင်းအရ သိမ်းဆည်းရန် ကြိုးစားလျက်ရှိကြောင်း သိရှိရပါသည်။ ပေါက်ခရိုင် အုပ်ချုပ်ရေးမှူးရုံးမှ မြေများ တရားမဝင်သိမ်းဆည်းမှုနှင့်ပတ်သက်ပြီး ဒေသခံများမှ ကန့်ကွက်ရန် ဖိတ်ကြားကြောင်း အသိပေးခဲ့သော်လည်း၊ ဒေသခံများမှ ထိုအကြောင်းစာ လက်ခံရရှိသည့်အချိန်တွင် ကန့်ကွက်နိုင်သည့် နောက်ဆုံးရက်သည် ၆ ရက်ကျော်နေကြောင်း သိရှိရပါသည်။
*[၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)]*

# အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ

**ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မှ မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ကြောက်ရွံ့မှု၊ မုန်းတီးရန်လိုမှုများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Ms. Yanghee Lee မှ အလွန်ဆိုးရွားလှသည့် အခြေအနေတွင် နေထိုင်နေကြသော တိုးတက်ဖြစ်ထွန်းမှု မရှိသည့် ရွှေ့ပြောင်းနေထိုင်သူ ဘင်္ဂါလီ (ရိုဟင်ဂျာ) တို့၏ အခြေအနေ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရာတွင် အစိုးရ၏ နောက်ကြောင်း ပြန်လှည့်သည့် အခြေအနေ၊ မြန်မာနိုင်ငံအတွင်း ကြောက်ရွံ့မှုများနှင့် ရန်လိုမုန်းတီးမှုများ ပျံ့နှံ့နေသည့် အခြေအနေတို့ကို သိရှိခဲ့ပြီး မြန်မာနိုင်ငံ လက်ရှိ လူ့အခွင့်အရေးအခြေအနေနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင်းရှိ လူ့အခွင့်အရေး ချိုးဖေါက်မှုများ နှင့် တရုတ်ပြည်နယ်စပ်ရှိ တိုက်ပွဲများ ပြင်းထန်လာမှုကြောင့် ထိုနယ်မှ လူများသည် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တရားမဝင် ခိုးဝင် ရောက်ရှိလာကြပြီး၊ ကလေးများသည်လည်း မြန်မာအစိုးရ လုံခြုံရေးတပ်ဖွဲ့ တို့၏ တပ်သားအသစ်အဖြစ် စုဆောင်းခြင်း ခံနေရကြောင်း လူမျိုးစုတင်းမာမှု အခြေအနေသည်လည်း ဆိုးရွားနေကြောင်း ပြောကြားထားပါသည်။ "လက်ရှိသွားနေတဲ့ အစွန်းရောက်မျိုးချစ်စိတ်ဓါတ်၊ ဘာသာရေး မုန်းတီးမှုနှင့် တိုက်ပွဲတွေ လုံးဝ ရပ်တန့် ပြောင်းလဲသွားစေပြီး၊ မျိုးဆက်သစ်တွေက ကြွယ်ဝပြီး တည်ငြိမ်မှုရှိတဲ့ တိုင်းပြည်တစ်ခု အတူတစ်ကွ ဖန်တီးတည်ဆောက်နိုင်စေဖို့ လူငယ်တွေနဲ့ အမျိုးသမီးတွေ အပါအဝင် နိုင်ငံသားတွေကို လုပ်ပိုင်ခွင့် ဖန်တီးပေးရန် အစိုးရအနေဖြင့် အာရုံစိုက်သင့်ကြောင်း" Ms. Lee မှ ရေးသားခဲ့ပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

**ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့မှ ကျောင်းသား ဆန္ဒပြပွဲ ဖြိုခွင်းမှုအား ရှုံ့ချ**

၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ပဲခူးတိုင်း လက်ပန်းတန်းမြို့၌ အမျိုးသား ပညာရေး ဥပဒေအား ပြုပြင်ရန် ဆန္ဒပြတောင်းဆိုကြသည့် ကျောင်းသားများအား ဖြိုခွင်းပြီး ဖမ်းဆီးခဲ့သည့်အတွက် ရဲတပ်ဖွဲ့၏ လုပ်ရပ်အား ဥရောပ သမဂ္ဂမှ ဝေဖန်ရှုံ့ချလိုက်ပါသည်။ ယခင်စစ်အစိုးရ လက်ထက်က ကျင့်သုံးသကဲ့သို့ တိုင်းပြည် နောက်ကြောင်းပြန် သွားနေသည်ကိုလည်း စိုးရိမ်ကြောင်း ဥရောပ သမဂ္ဂမှ ပြောကြားလိုက်ပါသည်။ ထို့အပြင် လွတ်လပ်စွာ စုဝေးခြင်းနှင့် ထုတ်ဖေါ်ဆန္ဒပြခြင်းတို့သည် နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေး ဖြစ်သောကြောင့် ရဲတို့၏ ဖြိုခွင်းသည့်လုပ်ရပ်ကိုတရားဝင် လွတ်လပ်ပြီး အမှီခိုကင်းသည် စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်ပါ ဥရောပသမဂ္ဂမှ တောင်းဆိုလိုက်ပါသည်။ အမေရိကန်နိုင်ငံမှလည်း ထိုဖြိုခွင်းသည့်လုပ်ရပ်အား ဝေဖန်ရှုံ့ချလိုက်ပြီး အစိုးရအနေဖြင့် လွတ်လပ်စွာ စုရုံးခွင့်ကို လေးစားရန် တိုက်တွန်းလိုက်ပါသည်။ အမေရိကန်နိုင်ငံ ဒီမိုကရက်တစ် လွှတ်တော်အမတ် Joe Crowley နှင့် ရီပတ်ပလစ်ကင် လွှတ်တော်အမတ် Steve Chabot တို့မှ အစီရင်ခံစာ ထုတ်ပြန်လိုက်ပြီး ထိုအစီရင်ခံစာမှ အစိုးရ၏ အကြမ်းဖက်မှုများ ချက်ခြင်းရပ်တန့်ရန် လိုအပ်ပြီး၊ ဘုန်းကြီး၊ သတင်းထောက်နှင့် ကျောင်းသားများ အပါအဝင် ဖမ်းဆီးထားသူများ အားလုံးအား လွှတ်ပေးရန် တောင်းဆိုထားပါသည်။ ရက်အနည်းငယ် အကြာတွင် အမေရိကန်နိုင်ငံ State Department ၏ ပြောရေးဆိုခွင့်ရှိသူ Ms Marie Harf မှ "သူတို့ရဲ့အခွင့်အရေးတွေအတွက် ငြိမ်းချမ်းစွာ တောင်းဆိုဆန္ဒပြလို့ ဖမ်းဆီးထိန်းသိမ်းခံနေရသူ အားလုံးကို ချက်ခြင်းနဲ့ ချွင်းချက်မရှိ ပြန်လွှတ်ပေးပါ" ဟု တောင်းဆိုလိုက်ပြီး၊ သူမမှ ဆက်လက်ပြီး "ဒီကိစ္စနဲ့ပတ်သက်ပြီး လုံခြုံရေးရဲတွေရဲ့ အလွန်အကျွံအင်အားသုံးတာ အပါအဝင် တာဝန်ရှိတဲ့ ကိစ္စတွေအတွက် မျှတပြီး ယုံကြည်စိတ်ချရတဲ့" စုံစမ်းစစ်ဆေးမှု တစ်ခုလည်း ပြုလုပ်ပေးပါဟု တောင်းဆိုလိုက်ပါသည်။

*၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်၊ မဇ္ဈိမ (အင်္ဂလိပ်)*

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

ဆန္ဒပြပွဲကို ထောက်ခံသူဟု သံသယရှိသူမှန်သမျှအား အစိုးရမှ မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည့်အတွက် သတင်းထောက်များ၊ ရပ်ကြည့်နေသူများ၊ အားပေးထောက်ခံသူများ၊ ဘုန်းကြီးများနှင့် ကျောင်းသားများ ရက်စက်စွာ ဖမ်းဆီး ထောင်ချခံခဲ့ရခြင်းဖြင့် အမျိုးသားပညာရေး ဥပဒေအား ဆန့်ကျင်ဆန္ဒပြမှုသည် အဆုံးသတ်ခဲ့ရပါသည်။ သတင်းထောက်များအား လူမဆန်စွာ ပြုမူဆက်ဆံမှုကြောင့် သတင်းထောက်များအပေါ် ရက်စက်စွာ ရိုက်နှက်မှုနှင့် မတရားသဖြင့် ဖမ်းဆီးထိန်းသိမ်းမှုကို ရှုတ်ချရန်နှင့် သတင်းမီဒီယာများအပေါ် အကြမ်းဖက်ဖြိုခွဲမှုအား သိရှိစေရန် သတင်းဂျာနယ် တော်တော်များများမှ အစိုးရအား ယာယီသပိတ်မှောက်ပြီး ထိုမမျှတမှုအား ဆန့်ကျင်သည့် လှုံ့ဆော်မှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိပါသည်။ နေထိုင်ရေးစရိတ်များ မြင့်မားလာမှုကြောင့် လစာများတိုးမြှင့်ပေးရန် ရာပေါင်းများစွာသော စက်ရုံအလုပ်သမားများမှ ယခုလတွင် တောင်းဆိုဆန္ဒပြခဲ့ကြပြီး၊ အစိုးရမှ ထိုစက်ရုံ အလုပ်သမားများနှင့် ဆွေးနွေးရမည့်အစား အလုပ်သမားများအပေါ် တရားဥပဒေကြောင်းအရ တရားစွဲဆိုမည်ဖြစ် ကြောင်း အလုပ်ဖြုတ်ပြစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့ပါသည်။ ထိုခြိမ်းခြောက်မှုအား အလုပ်သမားများမှ လျစ်လျူရှုသောအခါ အစိုးရမှ ဆန္ဒပြသူများ လူစုကွဲသွားစေရန် အကြမ်းဖက်ခြင်းနည်းလမ်းအား အသုံးပြုခဲ့ပြီး၊ ဆန္ဒပြအလုပ်သမား နောက်ထပ် ၂၁ ဦးတို့ ဖမ်းဆီးခံခဲ့ရပါသည်။

ဆန္ဒပြသူများ၏ အသံတိတ်သွားစေရန် အကြမ်းဖက်မှုများနှင့် ခြိမ်းခြောက်မှုနည်းလမ်းများအား ဆက်လက် ကျင့်သုံးနေပြီး ပြောင်းလဲမှုများအတွက် ပြုလုပ်နေသည့် မည်သည့်လှုံ့ဆော်သူကိုမဆို အစိုးရမှ ဆက်လက် ဖိနှိပ်ခြင်း၊ ဖမ်းဆီးခြင်းများဖြင့် ပုံမှန် တုန့်ပြန်ပြုလုပ်လျက်ရှိပါသည်။ တိုင်းပြည်အတွင်း အရည်အသွေးရှိသည့် ဘဝများနှင့် ပိုမိုလွတ်လပ်မှုများကို တောင်းဆိုပြီး ငြိမ်းချမ်းစွာ ဆန္ဒပြသည့်အတွက် ယခုလတွင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူ တစ်ရာကျော် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသည်။

ထိုထက်ပို၍ အစိုးရအနေဖြင့် ဖမ်းဆီးထိန်းသိမ်းထားသူများအား စိတ်အနှောက်အယှက်ဖြစ်စေရန်နှင့် အရှက်တကွဲဖြစ်စေရန် ရည်ရွယ်ပြုလုပ်ထားသည့် မိသားစုဝင်များနှင့် အဆက်အသွယ်မရရှိအောင် ထိန်းသိမ်းထားသည့် နည်းလမ်းနှင့် နှိပ်စက်ညှဉ်းပန်းမှုများ အသုံးပြုနေခြင်းကို ရပ်တန့်ပြီး ထောင်တွင်း အခြေအနေများအား အောက်ခြေမှ စ၍ ပြုပြင်ပြောင်းလဲ တိုးတက်အောင် အစိုးရမှ ပြုလုပ်ရန် လိုအပ်လှပါသည်။ ဖမ်းဆီးခံနေရသည့်အချိန်တွင် ကျောင်းသားများ နှိပ်စက်ညှဉ်းပန်းခံရကြောင်း မှတ်တမ်းများ သိရှိရသည့်အတွက် ထောင်တွင်း ညှဉ်းပန်းနှိပ်စက်မှုနှင့် ရိုက်နှက်မှုများသည် ဆက်လက်ဖြစ်ပေါ်နေကြောင်း သိရှိရပါသည်။ ထိုဖြစ်ရပ်များမှ အရှက်တကွဲဖြစ်အောင် ပြုလုပ်ခြင်း၊ ကိုယ်ပိုင်အခွင့်အရေးများအား ချိုးဖေါက်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းမှုများကို ထိန်းသိမ်းခံနေရသူများမှ ခံစားရမည်ဖြစ်ကြောင်း ထပ်မံ ပြသလိုက်ခြင်းပင်ဖြစ်သည်။ အကျဉ်းထောင်အတွင်းမှ ကျန်းမာရေး အခြေအနေများ၊ ဖမ်းဆီးခံရသူများဘက်မှ ရှေ့နေ အကျိုးဆောင်ခွင့်မရခြင်းနှင့် ဖမ်းဆီးထားသူများအား မိသားစုဝင်များနှင့် အဆက်အသွယ် မရရှိအောင် ထိန်းသိမ်းထားခြင်း စသည့် အချက်အလက်များ အားလုံးသည် နိုင်ငံသားတို့နှင့် ဖမ်းဆီးထိန်းသိမ်းခံ နိုင်ငံသားတို့၏ အခြေခံလူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်း မရှိကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

ယခုလတွင် ဆန္ဒပြကျောင်းသားများနှင့် အလုပ်သမားများကို ဖမ်းဆီးလိုက်သည့် အစိုးရ၏အပြုအမူသည် မြန်မာနိုင်ငံအတွင်း ဖိနှိပ်မှုအခြေအနေများ ဆက်လက်ရှိနေကြောင်း အချက်ပြ လိုက်ခြင်းပင်ဖြစ်သည်။ ဒီမိုကရေစီ စနစ်သို့ ကူးပြောင်းနေပါသည်ဟူသော အပြောများကြားတွင် ယခုမတ်လ၏ အခြေအနေသည် နိုင်ငံအတွင်း တိုးတက်မှုအနည်းငယ်သာ ဖြစ်ပေါ်ခဲ့ကြောင်း ပြသလျက်ရှိပါသည်။ ရဲများ၏ အကြမ်းဖက်နည်းလမ်း၊ လက်ပတ်နီများ ပတ်ထားပြီး ပြန်လည်ပေါ်ထွက်လာသည့် အစိုးရ၏ အရပ်သား လက်ကိုင်တုတ်များ၊ နိုင်ငံရေးနှင့် လူ့အခွင့်အရေး လှုပ်ရှားတက်ကြွသူများ၊ အားပေးထောက်ခံသူများအား ဆက်လက်ဖမ်းဆီးမှု၊ မမျှတသည့် ထိန်းသိမ်းထောင်ချမှုတို့ အားလုံးမှ လက်ရှိအစိုးရသည် ယခင်အစိုးရနှင့် အမည်တစ်ခုတည်းသာ ကွာခြားမှုရှိကြောင်း သတိပေးလိုက်ခြင်းပင်ဖြစ်သည်။ လူ့အခွင့်အရေးနှင့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူတို့အပေါ် အစိုးရ၏သဘောထားနှင့် အပြုအမူသည် ပြောင်းလဲခြင်းမရှိပဲ လက်ရှိအစိုးရအား ယခင်စစ်အာဏာရှင်၏ သဘောထားအမြင်များမှ ဆက်လက် လွှမ်းမိုးချုပ်ကိုင်လျက်ရှိနေပါသည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁ ၂၈၇၈ ၇၅၁**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁ ၉၆၂၈ ၇၁၃**

# အရေးပါသည့် ဆက်စပ်သတင်းများ ဖတ်ရန် Links

### ဖေဖော်ဝါရီလ ၂၇ ရက်

[ဆန္ဒပြစက်ရုံအလုပ်သမားများရိုက်နှက်၊ ဖမ်းဆီး၊ ထိန်သိမ်းခံရ၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)]

### မတ်လ ၂ ရက်

စစ်တပ်အားလှောင်ပြောင်သရော်သည့် ပုံတင်သည့် ဓါတ်ပုံဆရာဖမ်းဆီးခံရမှုမှ ပြန်လည်လွတ်မြောက်၊ ဒီဗွီဘီ (အင်္ဂလိပ်)၊

ထောင်ချသက်ကြီးအမျိုးသမီးနှစ်ဦးအတွက် အလဲဗင်းသတင်းမီဒီယာအုပ်စုမှ ငွေလှူဒါန်း၊ အလဲဗင်း (အင်္ဂလိပ်)

ဆန္ဒပြစက်ရုံအလုပ်သမားများရိုက်နှက်၊ ဖမ်းဆီး၊ ထိန်းသိမ်းခံရ၊ မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ (အင်္ဂလိပ်)

### မတ်လ ၃ ရက်

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အဖွဲ့ဝင် ဦးထွန်းထွန်းဦး အစာငတ်ခံဆန္ဒပြ၊ ရေဝတီ

### မတ်လ ၄ ရက်

ဆန္ဒပြကျောင်းသားများအားထောက်ခံသည့် ပေါင်းတည်မြို့ခံလေးဦးတရားစွဲခံရ၊ လွတ်လပ်တဲ့အာရှအသံ

ဆန္ဒပြစက်ရုံအလုပ်သမားများရိုက်နှက်၊ ဖမ်းဆီး၊ ထိန်းသိမ်းခံရ၊ ရေဝတီ (အင်္ဂလိပ်)

### မတ်လ၅ရက်

ဆန္ဒပြကျောင်းသားများကိုထောက်ခံသည့် လက်ပံတန်းမြို့ခံများတရားစွဲခံရ၊ ဒီဗွီဘီ

ရန်ကုန်ဆန္ဒပြပွဲ ဖြိုခွင်းခံရမှု၊ တက်ကြွလှုပ်ရှားသူ ရှစ်ဦးဖမ်းဆီးခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)

ရန်ကုန် ဆန္ဒပြပွဲ ဖြိုခွင်းခံရမှု၊ တက်ကြွလှုပ်ရှားသူ ရှစ်ဦးဖမ်းဆီးခံရ၊ ရေဝတီ (အင်္ဂလိပ်)

ရန်ကုန် ဆန္ဒပြပွဲ ဖြိုခွင်းခံရမှု၊ တက်ကြွလှုပ်ရှားသူ ရှစ်ဦးဖမ်းဆီးခံရ၊ မြန်မာ့အရေး ပူးပေါင်းဆောင်ရွက် သူများ အဖွဲ့ (အင်္ဂလိပ်)

ရန်ကုန် ဆန္ဒပြပွဲ ဖြိုခွင်းခံရမှု၊ တက်ကြွလှုပ်ရှားသူ ရှစ်ဦးဖမ်းဆီးခံရ၊ Associated Press (အင်္ဂလိပ်)

### မတ်လ၆ရက်

ဆန္ဒပြကျောင်းသားများကို ဂန်းရုံသည့် လက်ပံတန်းမြို့ခံများ တရားစွဲခံရ၊ ရေဝတီ

ဆန္ဒပြစက်ရုံအလုပ်သမားများရိုက်နှက်၊ ဖမ်းဆီး၊ ထိန်းသိမ်းခံရ၊ ဘန်ကောက်ပို့စ် (အင်္ဂလိပ်)

ရန်ကုန် ဆန္ဒပြပွဲဖြိုခွင်းခံရမှု၊ တက်ကြွလှုပ်ရှားသူ ရှစ်ဦးဖမ်းဆီးခံရ၊ဒီဗွီဘီ (အင်္ဂလိပ်)

### မတ်လ ၉ ရက်

ဆန္ဒပြ စက်ရုံအလုပ်သမားများ ရိုက်နှက်၊ ဖမ်းဆီး၊ ထိန်းသိမ်းခံရ၊ မြန်မာတိုင်း (အင်္ဂလိပ်)

### မတ်လ ၁၀ ရက်

လက်ပံတန်းကျောင်းသားသပိတ် အကြမ်းဖက်ဖြိုခွင်းခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)

ဆန္ဒပြ ကျောင်းသားခေါင်းဆောင်များ တရားစွဲခံရ၊ လွတ်လပ်တဲ့အာရှအသံ

ကုလသမဂ္ဂ အထူးကိုယ်စားလှယ်မှ မြန်မာနိုင်ငံတွင် ကြောက်ရွံ့မှုနှင့် ရန်လိုမှုများ ကြီးထွားနေဟုပြောကြား၊ ရေဝတီ (အင်္ဂလိပ်)

ကျောင်းသားသပိတ် ဖြိုခွင်းမှု ဥရောပသမဂ္ဂနှင့်အမေရိကန် ရှုံ့ချ၊ လွတ်လပ်တဲ့အာရှအသံ

### မတ်လ ၁၁ ရက်

လက်ပံတန်းဖြိုခွင်းမှုအပြီး ရဲများအား သင်တန်းပေးရန် လိုအပ်လျက်ရှိဆဲဟု ဥရောပသမဂ္ဂပြောကြား၊ ရေဝတီ (အင်္ဂလိပ်)

ဒါဇင်နှင့်ချီသော ဆန္ဒပြသူများ တရားစွဲခံရ၊ရေဝတီ (အင်္ဂလိပ်)

ဒါဇင်နှင့်ချီသော ဆန္ဒပြသူများတရားစွဲခံရ၊ ရေဝတီ (အင်္ဂလိပ်)

### မတ်လ ၁၂ ရက်

ဆန္ဒပြကျောင်းသား ဆယ့်ခွန်နှစ်ဦး သာယာဝတီထောင်မှပြန်လည်လွတ်မြောက်လာ၊ ရေဝတီ (အင်္ဂလိပ်)

လက်ပံတန်းကျောင်းသားသပိတ် အကြမ်းဖက်ဖြိုခွင်းခံရ၊ The Global New Light of Myanmar (အင်္ဂလိပ်)

### မတ်လ ၁၃ ရက်

သတင်းထောက် နှစ်ဦး သာယာဝတီထောင်မှ ပြန်လည်လွတ်မြောက်လာ၊ ဒီဗွီဘီ (အင်္ဂလိပ်)

### မတ်လ ၁၆ ရက်

ထိန်းသိမ်းခံကျောင်းသူများ ကိုယ်ဝန်ရှိ၊ မရှိ စစ်ဆေးခံရ၊ ရေဝတီ (အင်္ဂလိပ်)

သတင်းထောက်များ လက်ပတ်နီဝတ်များ၏ ရိုက်နှက်၊ ထိန်းသိမ်းခြင်းခံရ၊ ရေဝတီ (အင်္ဂလိပ်)

အစိုးရ၏သတင်းစာရှင်းလင်းပွဲအား သတင်းထောက်များသပိတ်မှောက်၊ ရေဝတီ (အင်္ဂလိပ်)

တရားရုံးပြောင်းပါက အစာငတ်ခံဆန္ဒပြမည်ဟု ထိန်းသိမ်းခံအလုပ်သမားခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများမှ ဆုံးဖြတ်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

### မတ်လ၁၇ရက်

ဆန္ဒပြ လက်ပံတန်းမြို့ခံများ တရားစွဲခံရ၊ လွတ်လပ်တဲ့အာရှအသံ

ဆန္ဒပြကျောင်းသားများကို ဂန်းရုံသော လက်ပံတန်းမြို့ခံများတရားစွဲခံရ၊ လွတ်လပ်တဲ့အာရှအသံ

### မတ်လ၁၈ရက်

သတင်းသမားနှစ်ဦး အသရေဖျက်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရ၊ ရေဝတီ (အင်္ဂလိပ်)

ထင်ရှားသော ပင်တိုင်ဆောင်းပါးရှင် ဘာသာရေးစော်ကားမှုအတွက် အမှုရင်ဆိုင်နေရ၊ မဇ္ဈိမ (အင်္ဂလိပ်)

ပညာရေးဥပဒေမူကြမ်းအား ဆန့်ကျင်ဆန္ဒပြသောကျောင်းသားခေါင်းဆောင် သုံးဦးတရားစွဲခံရ၊ လွတ်လပ်တဲ့အာရှအသံ

### မတ်လ၁၉ရက်

အထူးစုံစမ်းထောက်လှမ်းရေးမှ လက်ပတ်ဖြူလှုပ်ရှားသူများအား နှောင့်ယှက်၊ ရေဝတီ (အင်္ဂလိပ်)

### မတ်လ၂၀ရက်

မြန်မာစစ်တပ်မှ နိုင်ငံရေးအခန်းကဏ္ဍတွင် ရှိနေမည်ဟု သမ္မတပြောကြား၊ Reuters (အင်္ဂလိပ်)

### မတ်လ ၂၁ ရက်

နိုင်ငံတစ်ဝှမ်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိ၊ ဒီဗွီဘီ (အင်္ဂလိပ်)

နံရံတွင် စာရေးသားခြင်းကြောင့် တက်ကြွလှုပ်ရှားသူနှစ်ဦး ဖမ်းဆီးခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)

### မတ်လ ၂၂ ရက်

တက်ကြွလှုပ်ရှားသူ ၁၃ ဦးဘားအံရဲစခန်းတွင် ထိန်းသိမ်း တရားစွဲခံရ၊ ဗွီအိုအေ

ရဲများမှ ကိုယ့်ကိုယ်ကို ကာကွယ်ရန်လုပ်ဆောင်ခြင်းဖြစ်ကြောင်းသမ္မတပြောကြား၊ အလဲဗင်း (အင်္ဂလိပ်)

### မတ်လ ၂၃ ရက်

ကချင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုအား မြန်မာစစ်တပ်မှ စတင်ဆောင်ရွက်နေ၊ ရေဝတီ (အင်္ဂလိပ်)

ကချင်ပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှုအား မြန်မာစစ်တပ်မှ စတင်ဆောင်ရွက်နေ၊ ဒီဗွီဘီ (အင်္ဂလိပ်)

MDCF အဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားနှစ်ဦး ပြစ်ဒဏ်ချမှတ်ခံရ၊ FIDH (အင်္ဂလိပ်)

### မတ်လ ၂၄ ရက်

သတင်းမီဒီယာသမားများ နိုင်ငံတစ်ကာ သတင်းစာဆရာများ ညီလာခံအားသပိတ်မှောက်ရန်စီစဉ်၊

*မဇ္ဈိမ (အင်္ဂလိပ်)*
*သတင်းမီဒီယာများ အစိုးရ၏ နိုင်ငံတစ်ကာသတင်းစာဆရာများ ညီလာခံအား သပိတ်မှောက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*ခွန်နှစ် နှစ်ကြာပြီးနောက် ပေါက်မြို့နယ်ရှိမြေယာများအား စစ်တပ်မှ ပြန်လည်ရယူရန် ကြိုးပမ်း၊ မြန်မာတိုင်း (အင်္ဂလိပ်)*
*ကြေးနီစီမံကိန်းနယ်မြေတွင် မီးလောက်ပုံးဖြင့် တိုက်ခိုက်ခံရသောသံဃာများမှ အစိုးရအားတရားစွဲရန်စီစဉ်၊ ဧရာဝတီ (အင်္ဂလိပ်)*
*တက်ကြွလှုပ်ရှားသူ ဆယ့်သုံးဦး ဘားအံရဲစခန်းတွင် တရားစွဲခံရ၊ လွတ်လပ်တဲ့အာရှအသံ*

## မတ်လ ၂၅ ရက်

*အမျိုးသမီးအဖွဲ့အစည်းများမှ ကုလသမဂ္ဂသို့ လူ့အခွင့်အရေးအစီရင်ခံစာတင်သွင်း၊ မဇ္ဈိမ (အင်္ဂလိပ်)*

## မတ်လ ၂၆ ရက်

*လယ်ယာမြေများ သိမ်းယူခြင်းခြင်းတွင် လယ်ယာစိုက်ပျိုးရေး ဝန်ကြီး ပါဝင်ပက်သက်ကြောင်း Global Witness အစီရင်ခံစာမှ စွပ်စွဲ၊ ဧရာဝတီ(အင်္ဂလိပ်)*

## မတ်လ ၂၇ ရက်

*လယ်ယာမြေသိမ်းယူခြင်းတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပါဝင်ကြောင်း Global Witness အစီရင်ခံစာတွင် စွပ်စွဲဖော်ပြ၊ မြန်မာတိုင်း (အင်္ဂလိပ်)*
*ကျောင်းသားများလွတ်မြောက်ရေးအတွက် တောင်းဆိုဆန္ဒပြသူ ၈ ဦး ဖမ်းဆီးခံရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*ပြန်ကြားရေးဝန်ကြီး ထိန်းသိမ်းခံသတင်းသမားများ လွတ်မြောက်ရန် တောင်းဆိုမှုအား ရှောင်လွှဲခဲ့၊ ဧရာဝတီ (အင်္ဂလိပ်)*

## မတ်လ ၂၈ ရက်

*ကျောင်းသားများ လွတ်မြောက်ရေးအတွက် တောင်းဆိုဆန္ဒပြသူ ဦးဆောင်ကျောင်းသား တစ်ဦး အမှုပေါင်း ၃၈ မှုဖြင့် စွဲချက်တင်ခံရ၊ ဗွီအိုအေ*
*ကျောင်းသားများ လွတ်မြောက်ရေးအတွက် တောင်းဆိုဆန္ဒပြသူ ဦးဆောင်ကျောင်းသား ဖမ်းဆီး၊ အမှုဖွင့်ခံရ၊ လွတ်လပ်တဲ့အာရှအသံ*
*ကျောင်းသားများ လွတ်မြောက်ရေးအတွက် တောင်းဆိုဆန္ဒပြသူ ဦးဆောင်ကျောင်းသား လက်ပံတန်းတွင် ရုံးထုတ်ခံရ၊ ဒီဗွီဘီ*
*ကျောင်းသားများ လွတ်မြောက်ရေးအတွက် တောင်းဆိုဆန္ဒပြသူ ဖမ်းဆီးခံ ကျောင်းသား နှစ်ဦး ပြန်လည်လွတ်မြောက်၊ လွတ်လပ်တဲ့ အာရှအသံ*

## မတ်လ ၂၉ ရက်

*လယ်သမားလေးဦး ကျူးကျော်ဝင်ရောက်မှု စွဲချက်ဖြင့် အမှုဖွင့်ခံရ၊ လွတ်လပ်တဲ့အာရှအသံ*

## မတ်လ ၃၀ ရက်

*BBC သတင်းထောက် ရာဇဝတ်မှုဖြင့် အမှုရင်ဆိုင်နေရ၊ ဧရာဝတီ (အင်္ဂလိပ်)*
*သပိတ်စစ်ကြောင်းတွင် ပူးပေါင်းပါဝင်သူ မသန်စွမ်းအမျိုးသမီး တိုက်ခန်းပြန်တောင်းခံရ၊ လွတ်လပ်တဲ့အာရှအသံ*

## မတ်လ ၃၁ ရက်

*ဖမ်းဆီးခံ ဆန္ဒပြသူများ လွတ်မြောက်ရေးအတွက် အမေရိကန်နှင့် ဥရောပ သမဂ္ဂမှ တောင်းဆိုသည့် ကြေညာချက်ထုတ်၊ မဇ္ဈိမ (အင်္ဂလိပ်)*